ဟံသာဝတီ စာအုပ်စဉ် နံပါတ်-၃၆၀။

မ-လက်တို ဂူကုန်းကျောင်းထောက် ဆရာတော်ဘုရားကြီး
စီရင်အပ်သော

# သတ္ထုဂါရဝဝိနိစ္ဆယ။

စေတီရင်ပြင်၌
ဘိနှပ်စီးအပ် မစီးအပ် အဆုံးအဖြတ်ဖြစ်သည်။

၂၉၄ . ၃၁၁
မလတ

ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်။
ရန်ကုန်မြို့။

၂၄၈၄။ ၁၉၄၀။ ၁၃၀၂။

ပရိယတ္တိဝိသာရဒ။လဇ္ဇီပေသလ။သိက္ခာ

ကာမဖြစ်တော်မူသော။မလက်တို့။ဂူကျွန်းဂိုဏ်းထောက်

ဆရာတော်ဘုရားကြီးသည်။တပည့်ဒါယကာတို့

တောင်းပန်လျှောက်ထားခြင်းကိုအရင်းမူ၍။

စေတီတော်အရံတွင်း၌။ဘိနပ်ခြေနင်းစီး

အပ်မစီးအပ်ကို။ပါဠိအဋ္ဌကထာဋီကာ

ကျမ်းဂန်လာရှိသည့်အတိုင်း။ဆုံး

ဖြတ်စီရင်တော်မူအပ်သော

# သတ္ထုဂါရဝဝိနိစ္ဆယစာတမ်း။

ဟံသာဝတီသတင်းစာပုံနှိပ်တိုက်။

၁၈၉၈ ခုနှစ်။

# သဏ္ဍာဂါရဝဝိနိစ္ဆယစာတမ်း။

## ဒါယကာတို့လျှောက်ထားတောင်းပန်ချက်။

ဇေယျာဘု။ ။မအူပင်မြို့။ နယ်ပိုင်ဝန်ထောက်မင်း ဦးသာနိုး။ ငွေတိုက်ဝန်ထောက်မင်းဦးအောင်ကြီးတို့။ ခြေတော်ဦးခိုက်လျှောက်ထား အသနားတော်မြတ် ခံပုံ့ပါသည်။ မလက်တိုဂူကုန်းဆရာတော်ဘုရား။ဒါယကာတို့ ကြားရသည့်စကားမှာ။အချို့သောဆရာတော်ဘုရားသည်။ ရွှေတိဂုံစေတီတော်အရာမ်တွင်း၌။ ခြေနင်းဘိနပ်ကိုစီးနင်းသည့်ကိစ္စနှင့်။ ဝိဝါဒဖြစ်ပွါး ကြရာ။ ၎င်းအချို့သောဆရာတော်က။ စေတီယင်္ဂဏ အရကို။ စေတီတော် ဘိနပ်ပန်းတင်ခုံခြေရင်းကိုယူ၍။ တံတိုင်းအရာမ်အတွင်း မြေတလင်း အပြင်၌။ ဘိနပ်ခြေနင်းကို စီးကောင်း၏ဟု အယူဝါဒ ရှိပါသည်။ နောက်ထုတ်ဆိုတော်မူကြသည့် ဆရာတော်တို့က။ စေတီယင်္ဂဏအရကို။ တံတိုင်းအရာမ်အတွင်း မြေတလင်းအပြင်ကိုယူ၍။ တံတိုင်းအရာမ်အတွင်း မြေတလင်းအပြင်၌ပင် မစီးကောင်းဟု အယူဝါဒရှိပါသည်။ဤသို့အသီးအသီးကွဲလွဲထူးခြားအယူဝါဒရှိသည့်အရာများကြောင့်။မှတ်နာသူလူဒါယကာများမှာ။လေခတ်သည့်ပန်းပပြားကဲ့သို့။ ထင်ရောင်ထင်မှားရှိကြပါ၍။ ကရုဏာမေတ္တာကိုရှေးထားသဖြင့်။ ဆရာတော်ဘုရား၏။ သဘောအရကို။ထုတ်ပြပေးသနားတော်မူပါဘုရား။

---

## ဆရာတော်ဘုရားကြီးမိန့်ဆိုဆုံးဖြတ်ချက်။

မလက်တိုဂူကုန်းဆရာတော်အမိန့်ရှိလိုက်သည်။မအူပင်မြို့နယ်ပိုင်ဝန်ထောက်မင်းဦးသာနိုး။ ငွေတိုက်ဝန်ထောက်မင်းဦးအောင်ကြီး

၃၇၉၁

တို့။ ။သုံးဆဲ့တဘုံ။ကျင်လည်ကျန်ကြ။များသတ္တသည်။ အနန္တဖြစ်၍။ စင်စစ်ရေတွက်ခြင်းငှာ။မတတ်ရာချေ။တတ်ရာသမျှ။ဇာတ်တူရာပေါင်း၍ပြမူ။ပုထုဇဉ်လေးယောံ။မဂ္ဂဋ္ဌာန်လေးယောက်။ဖလဋ္ဌာန် လေးယောံ ပေါင်းတကျိပ်နှစ်ယောံရှိအနက်တို့တွင်။ ပုထုဇဉ်လေးယောံ။အောံဖလဋ္ဌာန်သုံးယောံ။ဤခုနစ်ယောံတို့သည်။ပဋိသန္ဓေနေခြင်းမကင်းသောသူတို့ဟူ၍မှတ်။ ။ပုထုဇဉ် လေးယောံ။ ဖလဋ္ဌာန်သေးယောက်။ဤရှစ်ယောံတို့သည်လည်း။စုတေခြင်းမကင်းသော သူတို့ဟူ၍မှတ်။ မဂ်ပုဂ္ဂိုလ်လေးယောက်တို့မှာမူကား။ပဋိသန္ဓေလည်းမနေ။ စုလည်းမစုတေဟူ၍မှတ်။ ထိုကြောင့်ပညာရှိတို့က။ ။စုတေမသေ။ သန္ဓေမစွဲ။ ငရဲမလား။လေးဦးသား။ ။ဟူ၍ဆိုကြကုန်၏။ထိုဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့၏သဏ္ဍာန်၌။အစဉ်မပြတ်။ ဖြစ်ထိုက်ရထိုက်သော။သဘောဓမ္မတာအာရုံအာရမ္မဏိက တရားတို့သည်။ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်။အသညသတ်ပုဂ္ဂိုလ်တို့မှတပါး။သုံးဆယ်သဒ်ျာ။ဘုံပုဂ္ဂိုလ်တို့မှာ။ အခါခပ်သိမ်း။မငြိမ်းကုန်ကြ။ အာရုံဟူသောရူပါရုံ စသည်ခြောက်ပါး။ အာရမ္မဏိက ဟူသော ဒွါရခြောက်ပါးတို့၌ ဖြစ်သောစိတ္တုပ္ပါဒ်။ အာရုံဟူသောအာရမ္မဏပစ္စည်း။ အာရမ္မဏိက ဟူသော အာရမ္မဏပစ္စယုပ္ပန်။ ဤအာရုံခြောက်ပါး။ပစ္စည်းတရားတို့ကိုစွဲ၍။ခြောက်ဒွါရတို့၌။ ပုတီးလုံးကိုသီကုန်းဘိသကဲ့သို့ဖြစ်သောစိတ်၏အစဉ်သည်။ ဝိထိစိတ်မည်၏။ ထိုဝိထိစိတ်သည်။ ကာမဘုံ၌။ ဒွါရ၏ အစွမ်းအားဖြင့်ခြောက်ပါး။ဝိညာဏ်၏ အစွမ်းအားဖြင့်လည်း ခြောက်ပါး။ အသညသတ်ကြည့်သော။ရုပတဆဲ့ငါးဘုံတို့၌။ ဃာနဒွါရ။ဇိဝှါဒွါရ။ ကာယဒွါရ။ ဝိထိတို့ကိုမရထိုက်။ အသညသတ်ဘုံ၌ကား။ဝိညာဏ်ခြောက်ပါးစလုံးပင်မရှိသော ကြောင့်။ဆိုဘွယ်ရန်မရှိပြီ။အရူပလေးဘုံတို့၌လည်း။ပဉ္စဝိညာဏ်မရှိသောကြောင့်။ ပဉ္စဒွါရဝိထိတို့ကို။ ဆိုဘွယ်ရန်မရှိပြီ။ မနောဒွါရဝိထိကိုသာမှတ်ယူရာ၏။ထိုတွင်စက္ခုဒွါရ၌ဝိထိစိတ်ဖြစ်စည်ကို။ ဤသို့မှတ်ရာ၏။

မှတ်ရန်ကား။ ။အတီတဘဝင်။ ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ပဉ္စဒွါရာဝဇ္ဇန်း။ စက္ခုဝိညာဏ်။ သမ္ပဋိစ္ဆိုန်း။ သန္တီရဏ။ ဝုဋ္ဌော။ ဇော။ တဒါရုံ။ ဟူ၍ဖြစ်ရာဝိထိစိတ်အစဉ်တို့တွင်။ အတီတဘဝင် ဟူသည်ကား။ လွန်သည်ကိုဆိုသည်။ လွန်သည်ဆိုရာ၌လည်း။ ကြူးလွန်သည်ကိုဆိုသည်မဟုတ်။ စင်စစ်ကား။ ဘဝင်စိတ်။ ရူပါရုံ။ စက္ခုပသာဒ။ ဤတရားသုံးပါးတို့တကွတပြိုင်နက်ဖြစ်ကြ၍။ ခဏငယ် သုံးချက်စေ့လျှင်။ ဘဝင်စိတ်ရှေးဦးစွာချုပ်၏။ ချုပ်သည်၏အခြားမဲ့၌။ ရူပါရုံ။ စက္ခုပသာဒ။ ရှေ့ရှုတော်ကြသဖြင့်။ ရူပါရုံ။ စက္ခုပသာဒတို့။ ရှေ့ရှုမတော်မီ။ ချုပ်နှင့်လေသော။ ယခင်ကဘဝင်ကိုပင်။ အတီတဘဝင်ခေါ်သည်ဟုမှတ်ရမည်။ ဘဝင်္ဂစလနဆိုရာမှာလည်း။ ရူပါရုံနှင့်။ စက္ခုပသာဒ။ ရှေ့ရှုတော်ကြသောအခါ။ မှီရာမဟာဘုတ် လှုပ်သဖြင့်။ ထိုမဟာဘုတ်ကိုမှီသော။ ဟဒယဝတ္ထုလှုပ်သောကြောင့်။ ဟဒယဝတ္ထုကိုမှီသော။ ဘဝင်နှစ်ကြိမ် လှုပ်သည်ကိုပင်။ ဘဝင်္ဂစလနဟူ၏။ ထိုဘဝင်္ဂစလနနှစ်ကြိမ်တို့တွင်။ ဒုတိယလှုပ်သောဘဝင်ကို။ ဘဝင်္ဂုပစ္ဆေဒဟုမှတ်ရမည်။ ။ဤဝိထိစိတ်အစဉ်ဖြစ်ပုံကား။ အမှတ်မရှိသောယောကျ်ားတယောက်သည်။ အသီးရှိသောသရက်ပင်၏အောက်၌။ အိပ်ပျော်၍နေရာ။ ထိုအခါတွင်။ သရက်သီးတလုံးကြွေကျ၏။ ကြွေကျသောအသံဖြင့်နိုး၏။ နိုးလျှင်မျက်စိဖြင့်ဖွင့်ကြည့်၏။ ကြည့်ပြီးလျှင်လှမ်းယူ၏။ လှမ်းယူပြီးလျှင်နယ်ချေ၏။ နယ်ချေပြီးလျှင်။ နမ်းရှု၏။ နမ်းရှုပြီးလျှင်။ ဝါးစား၏။ ဝါးစားပြီးလျှင်။ မျိုချ၏။ မျိုချပြီးလျှင်၊ တဘန်အိပ်ပြန်၏။ ဤဥပမာအရ။ အိပ်ပျော်သောအခါကဲ့သို့။ ဘဝင်ကျသောကာလကိုမှတ်။ သရက်သီးကြွေကျသောအခါကဲ့သို့။ ရူပါရုံနှင့်။ စက္ခုပသာဒ။ ထိခိုက်သောကာလကိုမှတ်။ ကြွေကျသောအသံဖြင့်။ နိုးသောအခါကဲ့သို့။ အာဝဇ္ဇန်းဖြစ်သောကာလကိုမှတ်။ မျက်စိဖြင့်ဖွင့်၍ ကြည့်သောအခါကဲ့သို့။ စက္ခုဝိညာဏ်ဖြစ်သောကာလကိုမှတ်။ လှမ်းယူသောအခါကဲ့သို့။ သမ္ပဋိစ္ဆိုန်းဖြစ်သောကာလကိုမှတ်။ နယ်

ချေသောအခါကဲ့သို့။သန္တီရဏဖြစ်သောကာလကိုမှတ်။ နမ်းရှူသောအခါကဲ့သို့။ ဝုဋ္ဌောဖြစ်သောကာလကိုမှတ်။ ဝါးစားသောအခါကဲ့သို့။ဇောဖြစ်သောကာလကိုမှတ်။မျိုချသောအခါကဲ့သို့။တဒါရုံဖြစ်သောကာလကိုမှတ်။ တဘန်အိပ်ပြန်သော အခါကဲ့သို့။နောက်ဘဝင်ဆက်၍ကျသောကာလကိုမှတ်။ ။ဤသို့စက္ခု။သောတ။ဃာန။ဇိဝှါ။ကာယ။မန။ခြောက်ဒွါရတို့မှ။ထိုက်ကြသည်အားလျော်စွာ။အခါမလပ်မပြတ်မစဲ။အမြဲယိုစီး။ အနာပျက်ကြီးကဲ့သို့။မီးမီးကျလျှောသည့်။အာသဝေါဝိထိစိတ်အစဉ်ကို။ ငွေကဲ ငွေမွေး၏ အရေးအရာ၌။ လိမ္မာကျွမ်းကျင်သည့်ယောက်ျားသည်။ တဆယ်ကဲ။ နှစ်ဆယ်ကဲ။ အစိတ်ကဲ။ သုံးဆယ်ကဲစသော။ မှူးစမတ်စတို့ကို။ ရောနှော ပေါင်းကြွတ်၍ခတ်က။ အစိတ်ကဲထွက်၏ဟု ပြတ်ဆိုသော ပွဲစားပမာကဲ့သို့။သတ္တဝါတို့၏သဏ္ဌာန်၌။ ဝိထိစိတ်ဖြစ်စဉ်ကို။ပညာဖြင့်ဆင်ခြင်လျှင်။အရှေ့လောကဓါတ်။ဥဒည်အရပ်မှ။တက်ထွန်းလတ်သည့်။နေဝန်းပြူစ။ ခါသမယက။ အာသကဏ်တောင်သို့။ ဝင်ချိန်ကျအောင်။မိမိတို့ကံကြောင့်ဖြစ်လါကြသည့်။စက္ခု။သောတ။စသောခြောက်ဒွါရတို့မှ။ရူပါရုံစသည်တို့ကြောင့်။ကျလာသည့်ဝိထိစိတ်အစဉ်တို့သည်။ ကောင်းသောယောနိသောမနသိကာရကြောင့်။ကုသိုလ်ဇောကျ၏၊ မကောင်းသောအယောနိသောမနသိကာရကြောင့်။ အကုသိုလ်ဇောကျ၏ဟုဆင်ခြင်စဉ်းစား၍။ ပွဲပြတ်ယောက်ျားကဲ့သို့။ ကုသိုလ်အကုသိုလ်ဇော နှစ်ရပ်ကို။ ပေါင်းစပ်သဖြင့်။ ပုထုဇဉ်တို့ လေ့သဘောနှင့်။ ရောနှောပြတ်ဆိုရလျှင်။ကုသိုလ်တပဲ။အကုသိုလ်တလှဲ့။အကဲ့ထွက်ဘိ၊ ဇောဝိထိနှင့်ညှိက။လူ့ပြည်၊နတ်ပြည်၊ဗြဟ္မာ့ပြည်၊အကျန်။ အလုံးစုံ၌သာနတို့၌။ဖြစ်ရသည့်သတ္တဝါသင်္ခါရတို့မှာ။ ဆုံးကြားဝယ် ကြွီးပွါးသည့်။ ဗျူးသခွါးပမာကဲ့သို့။ ပျော်ဘွယ်နေထိုင်စရာ အကွက်ကို။ဆီးရှုက်ခံ့မှု။ရှာ့ဘွေ၍မရသည့်။ ဤလူ့ပြည်ဘုံဘဝ၌။ ကံချ၍ရကြသည့်အခါဝယ်။ ပဲလေးရာဝန်ဒုက္ခတွင်။ ဖရုံသီးထပ်မံ၍

တင်ပြန်သကဲ့သို့ မရှိစေရအောင်။ နှစ်ပက္ခသားတို့ ဖြစ်ပွါးကြသည့်။စေတီယင်္ဂဏ။ ငြင်းချန်ခြင်းဝိဝါဒများကို။ အလေးမပြုအမှုမထား။ လစ်လျူရှု တရားနှင့်သာ။ ကိုယ်ကျိုးကိုယ်စီးပွါး မယုတ်စေရဘဲ။အါးထုတ်ခါနေကြသဖြင့်။ဆရာတော်ါသုံးမလတို့သောစကားကိုသာ။ မှတ်သားနာခံကြရမည်။မှတ်သားနာခံရန်ကား။ ။မအူပင်မြို့။နယ်ပိုင်ဝန်ထောက်မင်းဦးသာနိုး။ ငွေတိုက်ဝန်ထောက်မင်းဦးအောင်ကြီးတို့။ ကာမ၊ရူပ၊အရူပဝယ်။ စည်းစိမ်ဥစ္စာ။ ပညာတန်ခိုး။ အမျိုးဇာသရိယစသော။ ထူးမြတ်သမျှသူတို့၏။ဂုဏ်အားနှင့်လျော်စွာ။တိုင်းထွာချင့်ဆ၍။ ဂရုဂါရဝ။ပူဇာသက္ကာရတို့ကိုပြုရလျှင်။ကြေပွန်နိုင်စရာရှိသင့်ပါ၏။ မြတ်ဘုရားတု။မြေရုပ်တမျှ။ နှိုင်းမရသည့်။ အနန္တဂုဏ်တော်ရှင်။ အတုလသခင်မှာမူကား။နှစ်သိန်းလေးသောင်း။ အပေါင်းမြေထုကို။မြူမှုံ့ခန့်အစိတ်ပြု၍။ ရေတွက်ငြားသော်လည်း။ ကုန်ခွယ်စရာ။ ရှိတန်ရာ၏။လက်ျာရံထေရ်ကျော်၏။ဥာဏ်တော်ကို။ထုတ်ဆော်၍။ ရေတွက်ခြင်းငှာ။ မကုန်ရာသော ဥာဏ်တော်ရှင်။ လက်ျာရံ သခင်ကို ထားပါဘိဦး။ အထူး ဝိသေသ။ အတုလဂုဏ်။ အလုံးစုံနှင့် ပြည့်စုံတော် မူသော။ တဆူသော ဘုရားသည်။ တပါး တခြားသောစကားကို ပြောဆိုတော် မမူဘဲလျက်။ တဆူသောဘုရား၏ ဂုဏ်ကျေးဇူး စကားကို။ အာယုကပ် ပတ်လုံးလည်း။ အကယ်၍ရေတွက်ပြောဟောတော်မူငြားအံ့။ မြင့်ရှည်စွာသောအကြား၌။အာယုကပ်သည်ကုန်လေရာ၏။ တဆူသောဘုရား၏ဂုဏ်ကျေးဇူးစကားသည်။ရေတွက်၍မကုန်နိုင်ရာ။ထိုကြောင့်။ဒီဃနိကာယ်အဋ္ဌကထာ။ ဇိနလင်္ကာရဋီကာတို့၌။ ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿဘဏေယျဝဏ္ဏံ။ ကပ္ပံပိ စေအညမဘာသမာနော။ခီယေထကပ္ပေါစိရံဒီဃမန္တရေ။ ဝဏ္ဏောနခီယေထ တထာဂတဿ။ ။ဟုမိန့်ပြီ။အနက်ကား။ ။ဗုဒ္ဓေါပိ။တဆူသောဘုရားသည်လည်း။အညံ့။တပါးတခြားသောစကားကို။ အဘာသမာနော။ပြောဆိုတော်မမူဘဲလျက်။ဗုဒ္ဓဿ။ တဆူသောဘုရား၏။

ဝဏ္ဏံ။ဂုဏ်ကျေးဇူးကို။ ကပ္ပံပိ။အာယုကပ် ပတ်လုံးလည်း။ ဘ
ဏေယျစေ။ အကယ်၍လည်းရေတွက် ပြောဟောတော်မူငြား
အံ့။စိရံဒီဃမန္တရေ။ မြင့်ရှည်စွာသောအကြား၌။ ကပ္ပေါ။ အာယု
ကပ်သည်။ ခီယေထ။ ကုန်ရာ၏။ တထာ ဂတဿ။ လာခြင်း
ကောင်းတော်မူသောတဆူသောဘုရား၏။ ဝဏ္ဏော။ဂုဏ်ကျေး
ဇူးစကားသည်။နခီယေထ။ရေတွက်၍မကုန်နိုင်ရာ။ ၊အဘယ်
ကြောင့် မကုန်နိုင်ရာသနည်း ဟူမူကား။ ။အနန္တဂုဏောဇ
တဿတိ အနန္တဂုဏော။ ဟူသောဝစနတ္ထအရနှင့်။ အနန္တဂုဏဟူ
သောအမည်ကိုရတော် မူသောကြောင့် မကုန်နိုင်ရာ။ ဤသို့အ
နန္တဂုဏ်အလုံးစုံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သည်။
သက်တော်ထင်ရှား ရှိသည်ဖြစ်စေ။ သက်တော်ထင်ရှား မရှိ
သည့်နောက်။ ကိုယ်တော်မြတ်ကိုရည်မှတ်၍။ ကိုးကွယ်တည်
ထားကြသည့်။ ဓာတုစေတီ။ဥဒ္ဒိဿစေတီ။ ပရိဘောဂစေတီ
တော် မြတ်တို့ကိုလည်း။ သက်တော် ထင်ရှားရှိသော ကိုယ်
တော်မြတ်ကဲ့သို့။ ထင်မှတ်ကြသဖြင့်။ ဂါရဝ။ ပူဇာသက္ကာ
ရတို့ကို။ ပြုကြမူ တူမျှသောအကျိုး အာနိသံသတို့ကို ခံစားရ
၏ဟုမှတ်။ ထိုကြောင့်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။ဓရမာနံဘ
ဂဝန္တံ။ ပစ္စယေဟိ ဥပဋ္ဌဟန္တာပူဇေန္တာ။ ပရိနိဗ္ဗုတဥ္စ ဘဂဝန္တံ။
ဥဒ္ဒိဿဓာတု စေတီယာဒိကေ။ ပစ္စယေဟိဥပဋ္ဌဟန္တာ ပူဇေန္တာ
ဗုဒ္ဓေဒါနံ ဒဒန္တိနာမ။ ။ဟုမိန့်ပြီ။ အနက်ကား။ ။ဓရမာနံ။
သက်တော် ထင်ရှားရှိသော။ ဘဂဝန္တံ။ မြတ်စွာဘုရားကို။ ပစ္စ
ယေဟိ။ပစ္စည်းလေးပါးတို့ဖြင့်။ဥပဋ္ဌဟန္တာ။ လုပ်ကျွေးပြုစုသော
သူတို့သည်၎င်း။ပူဇေန္တာ။ ပူဇော်သောသူတို့သည်၎င်း။ ပရိနိဗ္ဗု
တဥ္စ။ပရိနိဗ္ဗာန်စံယူတော်မူပြီးသည်လည်း ဖြစ်သော။ဘဂဝန္တံ။
မြတ်စွာဘုရားကို။ဥဒ္ဒိဿ။ရည်မှတ်၍။ ဓာတုစေတီယာဒိကေ။
ဓာတုစေတီစသည်တို့ကို။ ပစ္စယေဟိ။ ပစ္စည်းလေးပါးတို့ဖြင့်။
ဥပဋ္ဌဟန္တာ။လုပ်ကျွေးပြုစုသောသူတို့သည်၎င်း။ပူဇေန္တာ။ပူဇော်
သောသူတို့သည်၎င်း။ ဗုဒ္ဓေ။သက်တော်ထင်ရှားရှိတော်မူသော

မြတ်စွာဘုရား၌။ ဒါနံ။အလှူကို။ ဒဒန္တီနာမ။ ပေးလှူပူဇော်သည်
မည်ကုန်၏။ ။ထိုမှတပါးလည်း။ ထေရာအနုကထာ၌။ ။
ယောစပူဇေယျသမ္ဗုဒ္ဓံ။တိဋ္ဌန္တံ လောကနာယကံ။ဓာတုသာသာသ
ပမတ္တမ္ပိ။ နိဗ္ဗုတေသာပိပူဇေယျ။ ။သမေစိတ္တေ ပသန္နမှိ။ သ
မံပုညံ မဟဂ္ဂတံ။ တသ္မာဟိထူပံကတွာန။ ပူဇေယျဇိန ဓာတု
ယော။ ။ဟုမိန့်ပြီ။အနက်ကား။ ။ယောစ။အကြင်သူသည်လည်း။
တိဋ္ဌန္တံ။ သက်တော်ထင်ရှား ရှိတော်မူသော။ လောကနာယကံ။
လူသုံးဦးတို့၏အမှူး ဖြစ်တော်မူသော။ သမ္ဗုဒ္ဓံ။ မြတ်စွာဘုရား
ကို။ပူဇေယျ။ပူဇော်ရာ၏။ နိဗ္ဗုတေသာပိ။ ပရိနိဗ္ဗာန်ပြုပြီးသော
မြတ်စွာ ဘုရား၏လည်း။ ယောစ။ အကြင် သူသည်လည်း။ ဓာ
တုသာသာသပမတ္တမ္ပိ။ မုန်ညင်းစေ့မျှ ပမာဏရှိသော ဓာတ်တော်
ကိုလည်း။ပူဇေယျ။ပူဇော်ရာ၏။ပသန္နမှိ။ကြည်ညိုသော။စိတ္တေ။
ရှိခိုးပူဇော်သောစိတ်သည်။ သမေ။ တူမျှသည်ရှိသော်။ မဟဂ္ဂ
တံ။ကြီးမြတ်သော။ ပုညံ။ကောင်းမှုသည်။ သမံ။ အကျိုးတူမျှ
သည်။ယသ္မာ။ အကြင့်ကြောင့်။ ဟောတိ။ ဖြစ်၏။ တသ္မာဟိ။ ထို
ကြောင့်သာလျှင်။ဇိနဓာတုယော။မြတ်စွာဘုရား၏ ဓာတ်တော်
တို့ကို။ထူပံ။စေတီကို။ ကတွာန။တည်ထား၍။ ပူဇေယျ။ပူဇော်
ရာ၏။ ။ဤသို့ကျမ်းလာစကားကိုထောက်ထား၍။သက်တော်
ထင်ရှား မြတ်ဘုရားနှင့်။ မကွဲမပြား။ ထပ်တူစိတ်ထားသဖြင့်။
ဆံတော်ရှင်ဓာတ်။စေတီတော်မြတ်ကိုလည်း။သက်တော်ထင်
ရှား။ မြတ်ဘုရားဟု။ မှတ်သားအပ်လေတော့ သည်သာ။ ယင်း
သို့မှတ်သားအပ်ကလည်း။ယခင်ကပြခဲ့သည့်။အနန္တဂုဏ်။အလုံး
စုံနှင့်။ ပြည့်စုံတော်မူသော။ မြတ်စွာဘုရားကို။ အကာပရိဏ်။
တံတိုင်း အရံအကာ။ ပန်းတင်ခုံဥပစာကိုထား၍။ ဇာတိခေတ်။
အာဏာခေတ်။ ဝိသယခေတ်။ သုံးပါးရှိအနက်တို့တွင်။ အဆုံး
အပိုင်းအခြားမရှိသော။အနန္တဝိသယခေတ်မြေဝယ်။ စံနေတော်
မူသော။ သက်တော်ထင်ရှားရှိသောဘုရား။ သက်တော် ထင်
ရှားမရှိသော်ဆံတော်ရှင်ဓာတ်။စေတီတော်မြတ်တို့ရှိခဲ့မူကား။

ဉာဏ်တော် စကြာဝဠာ။ အလက်ာဝယ်။ ပမာ တင်ပြ သည့်။ ကြုတ်ဖုံးကြုတ်မကဲ့သို့။ အနန္တဉာဏ်တော်ကို။ အနန္တစေတနာ။အနန္တသဒ္ဓါ။အနန္တဂရုဂါရဝ။အနန္တသက္ကစ္စ။ အနန္တပူဇာရဟာတို့ဖြင့်။အနန္တခေတ်မြေဝယ်။ စံနေတော်မူသော။ ရွှေတိဂုံဆံတော် ဓာတ်မြတ်ကို။ ရောင်ရမ်းကာ မျှော်ဆ၍။ ရာမညဌာနကပင်။ ထီးဘိနပ် ယဉ်ရထားတို့ကို ပယ်ရှားသဖြင့်။ အလွန်အကြူး အထူးအမြတ်။ ပူဇော်သင့်ပူဇော်အပ် လေတော့သည်။ ယင်းသို့ ပူဇော်သင့်ပူဇော်အပ်လှ၍။ ပူဇော်ကြသဖြင့်။အကျိုးပင်ရသော်လည်း။ သင့်လျော်လျောက်ပတ်စွာ။ သမ္မာဉာဏ၊ သဒ္ဓါပညာဖြင့်၊ တိုင်းထွာဆင်ခြင်၍။မလွန်မယုတ်။ မဆုတ်မတက်။ဉာဏ်စွက်သည့်ဝီရိယ။သတိနှင့်တိုင်းဆ၍။ တိဂုမ္ဘဆံတော်ဓာတ်ကို။ ဘူးမြှော်ပူဇော်လိုသည်ကိစ္စနှင့်။ထိုထိုဌာန။ရပ်ဒေသမှ။သွားလာရောက်ပေါက်ကြသည့်။သဒ္ဓါလက်မိ။ဥစ္စာရှိတို့မှာ။ဆံတော်ဓာတ်မြတ်နှင့်။မြေစပ်ခမ်းဝါ။တကြောတည်းလာသော။ရန်ကုန်မြို့ရွာဆိပ်ကမ်းသို့။ဆိုက်ရောက်ကြလျှင်။ ယခင်ကပြခဲ့သည့်။ အနန္တဂုဏ်တော်ကို။ထောက်မြှော်ရှုဆ၍။အနန္တဂရုဂါရဝ၊အနန္တသက္ကစ္စဖြစ်ရအောင်။ ထီးဘိနပ် ယဉ်ရထားတို့ကို။ ပယ်ရှားစွန့်ချပြီးလျှင်။ ခြေလျင်ဖြင့်သွား၍။ဘူးမြှော်ပူဇော်ခြင်းသည်သာ။ အလွန်သင့်မြတ်လှလေတော့သည်။ ယင်းမှတဖန်။ လွတ်ခဲ့ပြန်လျှင်လည်း။ ပန်းခြံဆိုသည့်တိုဒေသသို့။ ဆိုက်ရောက်ကြလျှင်။ ယခင်ကပြခဲ့သည့်၊ အနန္တဂုဏ်တော်ကို။ထောက်မြှော်ရှုဆ၍။အနန္တဂရုဂါရဝ။အနန္တသက္ကစ္စ။ဖြစ်ရအောင်၊ ထီးဘိနပ်ယဉ်ရထားတို့ကို။ ပယ်ရှားစွန့်ချပြီးလျှင်။ ခြေလျင်ဖြင့်သွား၍။ ဘူးမြှော်ပူဇော်ခြင်းသည်သာ။ အလွန် သင့်မြတ်လှ လေတော့သည်။ ယင်းမှတဖန် လွတ်ခဲ့ပြန်လျှင်လည်း၊ ဆံတော်ဓာတ်မြတ်၏။မြေစပ်မျက်နှာအပြင်၊ ဥပစာနယ်ဝင်ဖြစ်သော။စောင်းတန်းလှေကား။ ဈေးဖျားအစ။ ပဌမအပြင်၏၊ အနီးအပါး။ လှည်းရထားလူသူတို့သွားလာရာ။ လမ်းမြေတာ၌မှာဘက်မှသည်။ ထိုမှာဘက်သို့။ တလှမ်းတဘဝါးမျှ။မ

ကျုးမဲရေပံစေဘဲ။ယခင်ကပြခဲ့သည့်။ အနန္တဂုဏ်တော်ကို။ထေပံ မြှော်ရှုဆ၍။အနန္တဂုဏ်ဂါရဝ။ အနန္တသက္ကစ္စ။ဖြစ်ရအောင်။ထိုးဘိ နပ်ယဉ်ရထားတို့ကို။ ပယ်ရှားစွန့်ချပြီးလျှင်။ ခြေလျှင်ဖြင့်တက် သွား၍။ ဘုးမြှော်ပူဇော်ခြင်းသည်သာ။ အလွန်သင့်မြတ်လှလေ တော့သည်။သဒ္ဒါသက္ကစ္စ။အါးနည်းလှ၍။ယင်းမှတဖန်လွန်ခဲ့ပြန် လျှင်လည်း။အနန္တဂုဏ်ဂါရဝ။ အနန္တသက္ကစ္စတို့အော်။ ဆုတ်လျော့ သည့်။အချက်အရောက်ကို။ ကျမ်းဂန်မှာဤသို့လာ၏။ ။ယာဝတိ ကာနာဂဿဘူမိနာဂေန ဂန္တွာနာ ဂါပဗ္ဗော ရောဟိတွာ။ ပတ္တိ ကောဝ ယေနမဏ္ဍလမာလဿဒွါရံ တေနုပသင်္ကမိ ဥပသင်္က မိတွာ။ ။ဒီဃနိကာယ်ပါဠိတော်။ အနက်ကား။ ။ယာဝတိ ကာ၊အကြင်မျှလောက်။နာဂဿ။ဆင်၏။ဘူမိ။ စီးအပ်သောမြေ အရာတိုင်အောင်။နာဂေန။ဆင်ဖြင့်။ဂန္တွာ။သွား၍။ နာဂါ။ ဆင်မှ၊ ပဗ္ဗောရောဟိတွာ။သက်၍။ဝါ။ဆင်း၍။ ပတ္တိကောဝ။ ခြေလျှင် ဖြင့်သာလျှင်။ယေန။အကြင်အရပ်၌။ မဏ္ဍလမာလဿ။ညီလာခံ ရာတန်ဆောင်းဝန်း၏။ ဒွါရံ။တံခါးသည်။အတ္ထိ။ရှိ၏။ တေန။ ထို တံခါးသို့။ဥပသင်္ကမိ။ ကပ်၏။ ဥပသင်္ကမိတွာ။ ကပ်၍။ ။နာ ဂဿဘူမိတိ။ ယတ္ထသက္ကာ ယောတိဟတ္ထိအဘိရုဠှေနဂန္တုံ၊အယံ နာဂဿဘူမိနာမ။ ။နာဂါပဗ္ဗောရောဟိတွာတိ။ ဗဟိရဿ ဗဟိဒွါရကောဋ္ဌကေဟတ္ထိတောဩရောဟိတွာ။ ။ယခင်ပါဠိ တော်၏အဖွင့်။ ။နာဂဿဘူမိတိ။ နာဂဿ ဘူမိ ဟူသည် ကား။ယတ္ထ။ အကြင်အရံအပ၌။ ဟတ္ထိ။ဆင်ကို။အဘိရုဠှေန။စီး သောသူသည်။ဂန္တုံ။သွားခြင်းငှါ။သက္ကာ။ တတ်ကောင်းသည်။ ဟောတိ။ ဖြစ်၏။အယံ။ ဤဆင်စီး၍သွားကောင်းသောအရံ၏အ ပသည်။ နာဂဿဘူမိနာမ။ နာဂဿ ဘူမိ မည်၏။ ။နာဂါ ပဗ္ဗောရောဟိတွာတိ။ နာဂါပဗ္ဗော ရောဟိတွာဟူသည်ကား။ဗဟိ ဟာရဿ။ သကလသံဃာရာမဟုခိုအပ်သောကျောင်း၏။ဗဟိ ဒွါရကောဋ္ဌကေ။တံခါးမုခ်၏အပ၌။ဟတ္ထိတော။ဆင်မှ၊ဩရော ဟိတွာ။ ဆင်း၍။ ။ဤသို့ကျမ်းဂန်ပြသည်နှင့်လျော်စွာ။ ထုံး

သာဓကမှာ။အဇာတသတ်မင်းကြီးသည်။ ဇီဝကဆရာကို။ရှေ့ဆောင်စေ၍။ များစွာသောစစ်သည်ဗိုလ်ပါခြံရံလျက်။ အမ္ဗဝန်ကျောင်းတော်သို့။ထွက်တော်မူသောအခါ။တဆယ်ရှစ်တောင်အစော်တံတိုင်းရှိသော။ သကလသံဃာရာမ၏။မုဋ္ဌတံခါးအပကပင်။ဆင်ထက်မှဆင်း၍။ခြေလျင်ဖြင့်သာ။ သွားပြီးလျှင်။သဗ္ဗညုမြတ်စွာဘုရားအား။ ဆည်းကပ်ပူဇော်ကြောင်းများကို။ ထော်ထားမျှော်ရှုကြ၍။ယခုအခါ။ဗုဒ္ဓဘာသာ။သမာန္တယ်ရိုး။ ကံကံ၏အကျိုးကို။ ယုံကြည်ကိုးစားကြသည့်။ငါတို့အမျိုး ကောင်းသားသမီးတရတို့မှာ၊ယခင်ကပြခဲ့သည့်။ သဗ္ဗညုဂါရဝ။ သက္ကစ္စပူဇာရဟာ။အနန္တတို့အောက်။ ယုတ်စွအဆုံး။ အဇာတသတ် မင်းကြီးထုံးကို။ နှလုံးထားကြ သဖြင့်။ အကာပရိဏ်။ တံတိုင်း အရံအကာရှိလျှင်။ အကာပရိဏ်တံတိုင်းအရံအကာ။မရှိခဲ့လျှင်။အကာပရိဏ် တံတိုင်းအရံအကာ။ ဖြစ်လောက်ရာ ဌာန။ ယောက်ျားကောင်းခဲတကျဥပစာ၏။ပြင်ပကပင်။ ထီးဘိနပ်ယဉ်ရထားတို့ကို။ပယ်ရှားစွန့်ချ၍။ ဥပစာအတွင်းသို့ကျလျှင်။ အလေးအမြတ်ပြုသင့် ပြုအပ် လှ၍။ မစင်ညစ်ကြေး။ နှပ်တံတွေး။ ချေးချွေး ရှိဘွယ်။ ကျင်ငယ်ကျင်ကြီးတို့ကို။ မစွန့်မချကြဘဲ။ နက်နဲသောဉါဏ်ပညာ။ သဒ္ဓါဝိရိယဖြင့်။ဗုဒ္ဓါနုဿတိ။ဗုဒ္ဓါနုဿတိ။ဟုဆိုအပ်သော။ ဘုရားရှင်ဂုဏ်တော်ကို။ အဖန်တလဲလဲအောက်မေ့ခြင်း တည်းဟူသော။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို။ နှလုံး၌သွင်းထားခြင်း။စေတီရင်း၌တမြက်လှည်းခြင်း။ပန်းပူဇော်ခြင်း။မျက်သစ်ဒန်ပူလှူခြင်း။ ဆွမ်းလှူခြင်း။ သဲခင်းခြင်း။ ညောင်ရေ သွန်းခြင်း။ ပန်းနံ့သာအခိုးအထုံတို့ကို။ ပူဇော်ခြင်း။ လက်ဝဲတဘက်ပခုံးထက်၌။ကိုယ်ဝတ်စမ္ပါယ်တင်ခြင်း။လက်အုပ်နှစ်ဘက်ကို။နဖူးထက်၌ မြှောက်တင်ခြင်း။ လက်ဝါးပြင် နှစ်ဘက်တို့ ဖြင့်။ဘုရားရှင်ခြေတော်စုံကိုရည်မှန်း၍။ထိခိုက်မိစေခြင်း။ချစ်မြတ်နိုးခြင်း။ရိုသေ၊ကိုင်းညွတ်ခြင်း။ ဟုဆိုအပ်သော။ ပဋ္ဌပတိ၌။ငါးပါးတို့ဖြင့်။ ရှိခိုးပူဇော် ပြီးသည်နောက်။ သက်တော် ထင်ရှား

မြတ်ဘုရားကဲ့သို့။ ထင်မှတ်သဖြင့်။ ကိုယ်တော်မြတ်ကို။ ထိပ်
ထက်၌ ရည်မှန်း တင်ထားပြီးလျှင်။ လက်ျာရစ် လည်သွား၍။
သဗ္ဗညု မြတ်စွာဘုရား။ အရှင်ဘုရားသည်။ ။ဒိပင်္ကရသာ။
ဒိပင်္ကရာအမည်ရှိတော်မူသော။ဘဂဝတော။မြတ်စွာဘုရား၏။
သန္တိကေ။အထံတော်၌။လဒ္ဓဗျာကရဏော။ရအပ်သောနိယတ
ဗျာဒိတ်ရှိတော်မူသော။နေသ။ ငါတို့၏။ မဟာသတ္တော။ ဘုရား
လောင်းတော်သည်။ ကပ္ပသတသဟဿာဓိကေသု။ ကမ္ဘာတ
သိန်းအလွန်ရှိကုန်သော။စတူသုအသင်္ချေယျေသု။လေးအသင်္ချေ
တို့၌။ပါရမီယော။ ပါရမီတို့ကို။ ပူရေန္တော။ ဖြည့်တော်မူစည်။
ဗောဓိသတ္တာ။ဘုရားလောင်း။တွံ။သင်သည်။ဒါနံ။အလှူကို။ သစေ
ဒဒသတိ။ အကယ်၍ပေးလှူသည်ဖြစ်အံ့။ တဝ။သင့်အား။ အဝိစိ
နိရယံ။အဝိစိငရဲသို့။ပါတေဿာမိ။ချအံ့။ဣတိ။ဤသို့။ သမဏော
နဝါ။ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏောနဝါ။ ပုဏ္ဏားသည်
လည်းကောင်း။ဒေဝေနဝါ။ နတ်သည်လည်းကောင်း။ မာရေန
ဝါ။မာရ်သည်လည်းကောင်း။ ဗြဟ္မုနာဝါ။ ဗြဟ္မာသည်လည်း
ကောင်း။လောကသ္မိံ။လောက၌။ကေနစိဝါ။တစုံတယောက်သော
သူသည်လည်းကောင်း။ ဝုတ္တဝဒန္တောပိ။ ခြိမ်းချောက်၍တားမြစ်ပိတ်
ပင်ငြားသော်လည်း။အလီနစိတ္တော။တွန့်တိုနှောင့်နှေးသောစိတ်ရှိ
တော်မမူသည်ဖြစ်၍။စတူသုသာဂရေသု။ သမုဒ္ဒရာလေးစင်းတို့
၌။ဇလာဓိကံ။ ရေထက်လွန်သော။ ရုဟိရဉ္စ။ အသွေးတော်ကို
၎င်း။ဘူမိံ။ နှစ်သိန်း လေးသောင်းအထုရှိသော မဟာပထဝီ၏
မြေကြီးကို။ပရာဇယံပရာဇယန္တော။ ရှုံးစေလျက်။သမံသ ဒါနဉ္စ။
ကိုယ်တော်အသားတည်းဟူသောအလှူကို၎င်း။မေရုပဗ္ဗတာ
ဓိကံ။စက္ခုဝါထိုထို မြင့်မိုရ်ပဗ္ဗတာထက် သာလွန်သည်လည်း
ဖြစ်ထသော။သမောဠိသီသဒါနဉ္စ။ အဘိသိက်ခံပြီးသော မကိုဋ်
တော်ဆောင်း ဦးခေါင်း တည်းဖြစ်သော အလှူ ကို၎င်း။ ခေ။
ကောင်းကင်ပြင်၌။ တာရကာဓိကတရံ။ သောကြာပိုင်ကျူး ဇုဒ္ဓ
ဟူးရောင်ပတ်။ကြယ်နက္ခတ်ထက် သာလွန်သည်လည်းဖြစ်ထ

သော။နယနဒွ။မျက်စိတော်ကိုဒင်း။ဒတွာ။ ပေးလှူတော်မူ၍။ဒါန
ပါရမီ။ဒါနပါရမီကို။အပူရီ။ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။
ယန္တမုခေ။ ယန္တရားဝဍ္ဍ။ ဥဿုပိယ။ ကြံကဲ့သို့။ အင်္ဂမင်္ဂါနိ။ခြေ
လက်ဦးခေါင်း။နံ့တောင်းကျောက်ရင်စသော အင်္ဂါကြီးငယ်တို့
ကို။ပိလိယမာနာပိ၊ ကြိတ်ညှစ်အပ်ကုန်သော်လည်း။ အတ္တနော။
ကိုယ်တော်၏။သီလံ။ဆောက်တည်တော်မူအပ်သော သီလတို့
ကို အပိတိက္ကမန္တော။လွန်ကြူးခြင်းရှိတော်မမူသည်ဖြစ်၍။ သီလ
ပါရမီ။သီလပါရမီကို။အပူရီ။ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။
စတုဒ္ဒီပေသု။ ကျွန်းကြီးလေးကျွန်းတို့၌။ ဇာတသရိယံ။အ
ဖိုးရခြင်းမင်း၏ချမ်းသာကို၊ ပရိစ္စဇိတွာ၊ စွန့်တော်မူ၍။ ပဝိဝေ
ကမေဝ။ဆိပ်ငြိမ်ရာဖြစ်သောတောအရပ်ကိုသာလျှင်။ဂဏှန္တော။
ယူတော်မူသည်ဖြစ်၍။နေက္ခမပါရမီ။ နေက္ခမပါရမီကို။အပူရီ။
ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။သကလစက္ကဝါဠပရိပုဏ္ဏံ။
စကြာဝဠာတိုက်အလုံးပြည့်သော။ ခဒိရင်္ဂါယံ။အသျှံထိန်ရဲ ရှား
မီးခဲကို။မဒ္ဒိတွာပိ။ နင်းနယ်၍လည်း။ ပညဝန္တံ။ ပညာရှိသောသူ
ကို။ဥပသင်္ကမန္တော။ကပ်တော်မူလျက်။ပညာပါရမီ။ ပညာပါရ
မီကို။အပူရီ။ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။ဝါတ၊ ဝေဂါလ၊
ဋ္ဌိတ၊ မကရ၊ နိကရကိဏ္ဏံ။ လေ၏အဟုန်သည် မှုတ်လွှင့်နှောင့်
နှက်အပ်သည်ဖြစ်၍ ပေါ် တက်သော ငါး လိပ် မကာန်းတို့ဖြင့်
ပြွမ်းထသော။မဟာသမုဒ္ဒံ။မဟာသမုဒ္ဒရာကို။ဗါဟုနာ။လက်ရုံး
တော်ဖြင့်။ပရိဟာရေတွာပိ။ပယ်ရှား၍လည်း။နိဗ္ဗာနပါရဂမနာ
ယ၊နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ရောက်ခြင်းငှါ။ ဝိရိ
ယံ။ဝိရိယကို။အနုဝိသဇ္ဇန္တော နောသဇ္ဇန္တော။ စွန့်တော်မမူသည်
ဖြစ်၍။ဝိရိယပါရမီ။ဝိရိယပါရမီကို။အပူရီ၊ ဖြည့်တော်မူခဲ့လှလေ
ပြီဘုရား။ ။အသိဓာရာဟိ။ သန်လျက်သွား တို့ဖြင့်၊ ကဏ္ဍနာ
သာဒိသိန္နန္တောပိ။ နား နှာ ခေါင်း စသည် ကို ဖြတ် လှည်း ငြား
သော်လည်း။ပရဒ္ဓိံ။ရန်သူ၌။ကောပံ။ အမျက်ထွက်ခြင်းကို။အ
ကရောန္တော။ပြုတော်မမူသည်ဖြစ်၍၊ ခန္တီပါရမီ။ ခန္တီပါရမီကို။

အပူရိ။ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။အသိနာ။ဓါးသန်လျက်
ဖြင့်။သီသံ။ဦးခေါင်းကို။ဆိန္ဒန္တွာပိ။ဖြတ်လှည်းငြားသော်လည်း။
မုသာအဝဒန္တော။ ချွတ်ယွင်း သော စကားကိုဆိုတော်မမူသည်
ဖြစ်၍။သစ္စာပါရမီ။သစ္စာပါရမီကို။အပူရိ။ဖြည့်တော်မူခဲ့လှလေ
ပြီဘုရား။ ။အတ္တဘာဝံ။အတ္တဘောတော်ကို။ရဏ္ဍာဝိရဏ္ဍံ။မှုန့်
မှုန့်ညက်ညက်။ကတွာ။ပြု၍။ ဂန္ဓရဏ္ဍံ ဝိယ။နံ့သာမှုန့်ကဲ့သို့။ ပိလိ
ယမာနေပိ။ကြိတ်ငြားသော်လည်း။ အဓိဋ္ဌာနံ။ ဆောက်တည်
တော်မူခြင်းကို။အဝိဇဟန္တော။စွန့်တော်မမူသည်ဖြစ်၍။ အဓိဋ္ဌာ
နပါရမီ။ အဓိဋ္ဌာန ပါရမီကို။ အပူရိ။ ဖြည့်တော်မူခဲ့လှ လေပြီ
ဘုရား။ ။အစ္ဆိန္ဒိတွာ။လုယက်၍။ရဋ္ဌံ။ပြည်ကြီးစည်းစိမ်ကို။
ဂဏှန္တေပိ။ယူသော်လည်း။ပရံ။ရန်သူမင်းကို။ ပိယပုတ္တံဝ။ချစ်
လှစွာသောသားကိုကဲ့သို့။ ပဿန္တော။ ရှုတော်မူလျက်။ မေတ္တာ
ပါရမီ။မေတ္တာပါရမီကို။အပူရိ။ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။
ပရကတေသု။သူတပါးတို့သည်ပြုအပ်ကုန်သော။ သုခဒုက္ခေသု။
ချမ်းသာဆင်းရဲတို့၌။အနုနယပဋိဃံ။ချစ်ခြင်းမုန်းခြင်းကို။ အက
ရောန္တော။ပြုတော်မမူသည်ဖြစ်၍။ဥပေက္ခာပါရမီ။ ဥပေက္ခာပါ
ရမီကို။အပူရိ။ဖြည့်တော်မူခဲ့လှလေပြီဘုရား။ ။ဤသို့ဆင်းရဲငြို
ငြင်စွာ။ဖြည့်ဆည်းဘူး၍လာတော်မူခဲ့သော။ပါရမီတော် အပုံ။
ကောင်းမှုတော်အဟုံတို့ကြောင့်။ တစုံတယောက်သောသူနှင့်
မတူသော။ ဇိနော။ ငါးမာရ်အောင် မြင် သခင်ဘုရား သည်။
ဣစ္ဆန္တော။ ကိုယ်တော်မြတ်အလို ရှိတော်မူသည်ရှိသော်။ ယုဂံ
မုဋ္ဌေန။ ယုဂန္ဓိုရ်၏ တောင်ထိပ်နှင့်။ သမံ။အမျှ။ ဂစ္ဆ ဂစ္ဆန္တံ။သွား
သော။သူရစန္ဒံ။နေလနှစ်ပါးကို။ဇေတဝနေ။ ဇေတဝန်ကျောင်း
တော်၌။သယန္တောသယန္တောဝ။ လျောင်းတော်မူလျက်သာလျှင်။
ဟတ္ထပါဒေန။လက်ခြေတော်ဖြင့်။ပရာမိ။ သုံးသပ်တော်မူနိုင်၏။
ဗုဒ္ဓဓမ္မာ။ဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့သည်။ အစ္ဆရိယာ။အ
ဟောအစ္ဆရိယာ။ ပြောင်အံ့ဘွယ် ရှိပေစွတကား။ ။ဇိနော။ငါး
မာရ်အောင်မြင်သခင်ဘုရားသည်။ ဣစ္ဆန္တော။ ကိုယ်တော်မြတ်

အလိုရှိတော်မူသည့်ရှိသော်။စင်္ကမန္တော။ စင်္ကြံကြွတော်မူလျက်။
အဓိဋ္ဌေန။ စတုတ္ထဈာန်သမာပတ် မြတ်သည်တောဖော် ဓိဋ္ဌာန်
တော်ဖြင့်။အသာဓာရဏံ။ နတ်လူဗြဟ္မာသတ္တဝါအတန်တန်တို့
နှင့် မဆက်ဆံသော။ အနန္တ ဗုဒ္ဓနိမ္မိတံ။ အတိုင်းမသိ များစွာဘိ
သည့်နိမ္မိတဘုရားကိုယ်တော်ပွါးကို။ မာပေတွာ။ဖန်ဆင်းတော်
မူ၍၊ဗဟူ။နတ်လူများစွာဝေနေယျာကို။ ဒေသနာယ။တရားမြတ်
စွာဒေသနာဖြင့်။ဗန္ဓနာ။ ကိလေသာညွတ်ကွင်းနှောင်အိမ်တွင်း
မှ။မောစေသိ။ အလျှင်း ကျွတ်၍ လွတ်စေတော်မူပြီ။ ဗုဒ္ဓဝံမှာ။
ဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့သည်။ အဟစ္ဆရာ အဟောအစ္ဆ
ရာ။ဩော်အံ့ဘွယ်ရှိပေစွတကား။ ။ဇိနော။ငါးမာရ်အောင်
မြင်သခင်ဘုရားသည်။ဣစ္ဆန္တော။ကိုယ်တော်မြတ် အလိုရှိတော်
မူသည့်ရှိသော်။သိရိဗ္ဗနာ။ ကြက်သရေထင်ပေါ်တန်ခိုးတော်ဟု
ဆိုအပ်သော။ဗုဒ္ဓတေဇေန။ ဘုရားရှင်၏ လျှင်မြန်သော တန်ခိုး
တော်နှင့်။သံယုတာ။ကောင်းစွာရှည်တော်မူလျက်။ဗါဟံ။လက်
ရုံးတော်ကို။သမိဉ္ဇိတံယထာ။လျှင်စွာမနှေး ကွေးဆန့်လိုက်၏
သို့။ယာဝဘာဝဂ္ဂါ။ နေဝသညာဘုံတိုင်အောင်။ စင်္ကမတိ။မကြာ
လျှင်လျှား။ကြွသွားတော်မူနိုင်၏။ ဗုဒ္ဓဝံမှာ။ဘုရားရှင်ဂုဏ်ကျေး
ဇူးတော်တို့သည်။ အဟစ္ဆရာ။အဟောအစ္ဆရာ။ ဩော်အံ့ဘွယ်ရှိ
ပေစွတကား။ ။ဇိနော။ငါးမာရ်အောင်မြင်သခင်ဘုရားသည်။
ဣစ္ဆန္တော။ကိုယ်တော်မြတ် အလိုတော်ရှိတော်မူသည် ရှိသော်။
သဗ္ဗစက္ကေသု။ ဇာတိခေတ် အာဏာခေတ် ဝိသယခေတ် ဟုဆို
အပ်သောသုံးရပ်သော စကြဝဠာတို့၌။ စင်္ကမေ စင်္ကမေန။ စင်္ကြံ
တော်ဖြင့်။သမာ။ကောင်းစွာ။ဂန္တွာ။မကြာမြားမါးလှမ်းကြွသွား
၍။ပါဒိုဟာရိယံ။ ခြေမီးအစုံ ဂုဏ်တော်မကိုန်ယမိုက် ရောင်ဝါ
ဖြာဒိုဟာကို။အကာရယိ။ မရှိနိုင်းတုပြုတော်မူပြီ။ နာနာဓမ္မေပိ
စ။အထူးထူးသောတရားတော်တို့ကိုလည်း။ဒေသေတိ။ ဟော
တော်မူပြီ။ဗုဒ္ဓဝံမှာ။ ဘုရားရှင် ဂုဏ်ကျေးဇူးတော်တို့သည်။အ
ဟစ္ဆရာအဟောအစ္ဆရာ။ ဩော်အံ့ဘွယ်ရှိပေစွတကား။ ။ဇိ

နေ၁။ ငါးမာရ်အောင်မြင် သခင်ဘုရားသည်။ ဇာနန္တော။ ကိုယ်တော်မြတ် အလိုရှိတော်မူသည်ရှိသော်။ ဗုဒ္ဓလိလာယ။ ဘုရားတို့၏တင့်တယ်စမ္ပါယ်ခြင်းဟုဆိုအပ်သော။ဓမ္မတာဓမ္မတာယ။ သဘောတော်အားဖြင့်။ ယေန။ အကြွင်းအမှတ်မရှိသော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းသည်။အစိန္တေယျာ။မိမိတို့၏တန်ခိုးဉာဏ်ဖြင့်မကြံစွမ်းနိုင်ထသော။ယာဗုဒ္ဓိ။အကြွင်တန်ခိုးသည်။အတ္ထိ။ရှိ၏။တာယဗုဒ္ဓိယာ။ထိုတန်ခိုးတော်ဖြင့်။ ဘဂ္ဂဘဂ္ဂရော။ဖျန်းဖျန်းခွဲတော်မူလျှက်။ဟေဋ္ဌာပထဝီ။ မြေကြီးအောက်သို့။ နိမုဇ္ဇတိ။လျှိုးသွားစုတ်စုတ်ငုတ်တော်မူနိုင်၏။ပုန။တဖန်။ဘဝဂ္ဂမှာ။ဘဝဂ်တိုင်အောင်လည်း။သိဃ်တရံ။ လျင်မြန်စွာ။ပစ္စာဂစ္ဆိ။ ပြန်လည်တုံခေါက်ရောက်တော်မူနိုင်၏။ ဗုဒ္ဓဓမ္မာ။ ဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့သည်။ အဟောစ္ဆရာအဟောအစ္ဆရာ။ ဩဩအံ့ဘွယ်ရှိပေစွတကား။ ။ဇိနေ၁။ငါးမာရ်အောင်မြင်သခင်ဘုရားသည်။ဇာနန္တော။ကိုယ်တော်မြတ်အလိုရှိတော်မူသည်ရှိသော်။သာသပဂန္တော။မုန်ညင်းခွံတိုက်အတွင်း၌။ဇာတောစိတော။ထိုမှ၍မှ။စက်မတိ။ပရိက္ခရာရှစ်သုခဆောင်တော်မူ၍မည်သူမတန်။ တန်ခိုးဗျာန်ဖြင့်စကြိုကြွတော်မူနိုင်၏။ ဇာနန္တော။ ကိုယ်တော်မြတ် အလိုရှိတော်မူသည်ရှိသော်။စင်္ကြဂါဠမ္ပိ။စကြာဝဠာတိုက်အလုံးကိုလည်း။အပ္ပာဘာဝေန။ အတ္တဘော တော်ဖြင့်။ ဆာဒယိ။ ဖုံးဖိလွှမ်းမိုးတော်မူနိုင်၏။ဗုဒ္ဓဓမ္မာ။ ဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့သည်။အဟောစ္ဆရာ။အဟောအစ္ဆရာ။ဩဩအံ့ဘွယ်ရှိပေစွတကား။ ။

ဇိနေ၁။ငါးမာရ်အောင်မြင် သခင်ဘုရားသည်။ ဇာနန္တော။ကိုယ်တော်မြတ်အလိုရှိတော်မူသည်ရှိသော်။သာသပဂန္တော။မုန်ညင်းခွံတိုက်အတွင်း၌။ဌိတံစ။ ရပ်လည်းရပ်တော်မူနိုင်၏။ စက်မပ္ပိစ။စကြိုလည်း ကြွတော်မူနိုင်၏။စင်္ကြဂါဠမှာ။ စကြာဝဠာတိုက်မှ။အပ္ပာဘာဝေန။အတ္တဘောတော်ဖြင့်။နိက္ခမိ။ထွက်တော်မူနိုင်၏။ဗုဒ္ဓဓမ္မါ။ဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့သည်။အဟောစ္ဆရာအဟောအစ္ဆရာ။ ဩဩအံ့ဘွယ် ရှိပေစွတကား။ , ။ဇိနေ၁။ငါ

မာရ်အောင်မြင်သခင်ဘုရားသည်။ဇုဿန္တော။ ကိုယ်တော်မြတ် အလိုရှိတော်မူသည်ရှိသော်။ နိရောဓံ။နိရောဓသမာပတ် မြတ်သောချမ်းသာကို။သမာပဇ္ဇတိ။ဝင်စားတော်မူ၏။သမါပန္နော။ ဝင်စားတော်မူလျက်။ဌိတကာရော။တည်သောကိုယ်တော်ကို။ ပရေ။တပါးသောသူတို့သည်။ဝိဗ္ဗိတုံ။နှိပ်စက်ခြင်းငှါ။နသက္ကာ။ မတတ်နိုင်။ဗုဒ္ဓခမ္မာ။ ဘုရားရှင်ဂုဏ်ကျေးဇူးတော်တို့သည်။အဟဿရာအဟောအဿုရာ။ ထြော်အံ့ဘွယ်ရှိပေစွတကား။ ။ဤသို့အတိုင်းအရှည်မကုန်သော။အဖြစ်တော်ဘဝအပေါင်းတို့၌။ ပါရမီတို့ကိုဖြည့်ကျင့်၍။ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏ ပါရမီတော်တို့ကိုငင်း။ မကြံအပ် မကြံစည်နိုင်ရာသောကောင်းကင်တမျှ။အနန္တ ဖြစ်သော ဂုဏ်တော်တို့ကိုငင်း။ အောက်မေ့ဆင်ခြင်လျက်။နှစ်ဖက်သော လက်ချတ်လက်ဝါးတို့ဖြင့်တီးခတ်ရိုက်နှက်ခြင်း။ ရင်ကိုသတ်မခြင်း။ ကျက်သီး မွေးညှင်းထစေခြင်းတို့ကို ဖြစ်စေသဖြင့်။ နောက်ဆုတ်ပဲ့ခွါ၍။ မိမိတို့နေရာဌာနလိုရာဒေသသို့။တချုဘာဝနာမယကို အဘော်သဟဲပြုကြသဖြင့်။ ပြန်သွားပဲ့ခွါခြင်း သည်သာလျှင် အလွန်သင့်မြတ်လှသေတော့သည်။ ။မအူပင်မြို့။နယ်ပိုင် ဝန်ထောက်မင်းဦးသာနိုး။ရင်းမြို့ ငွေတိုက်ဝန်ထောက်မင်းဦးအောင်ကြီးတို့ တောင်းပန် လျှောက်ထားသည့် စကား ကြောင့်။ မလက်တိုဂူကျွန်းဆရာတော်ဘုရားသည်။ဗုဒ္ဓဘာသာ သမာနွယ်ရိုး။အမျိုးသားခြင်းတို့၏အကျိုးစီးပွါးအလို့ငှါ။မေတ္တာစိတ်ကိုရှေ့ထား၍။ မီးသွားရေသွား။ လမ်းနှစ်ပါးရှိအနက်တွင်။ မီးသွားသည့်လမ်းကိုမလိုက်။ရေသွားသည့်လမ်းကိုသာလိုက်သဖြင့်။ တစုံတရာ။ ပဿာဒေါသ။မာန်မာနမဖုံး။ တန်ဆောင်မုန်းမာသီဝယ်။ ပုဏ္ဏမီယန်မင်းနန်းနှင့် တူသော။ ရေးသား အပ်သည့်။ သဒ္ဓမ္မဂါရဝဝိနိဿယစာတမ်းကား။ ၁၂၅၉ ခု တော်သလင်း လပြည့်ကျော် ၁၂ ရက်နေ့။အပြီးသတ်သည့်ရက်မှတ်တည်း။